

# မြန်မာ

အတုအယောင်များဖြင့်
လှည့်စားထားသောနေရာ



**ကျောင်းသားဆန္ဒထုတ်ဖော်မှုများကို ဦးဆောင်ခဲ့သောကြောင့်**

**လက်ရှိ ထောင်သွင်း အကျဉ်းချခံထားရသည်။**

AMNESTY INTERNATIONAL

# ဖြိုးဖြိုးအောင်ကို
# လွှတ်ပေးပါ။

သတ်မှတ်ထားသော ဥပဒေသစ်တစ်ရပ်ကို ဆန့်ကျင်သည့် လမ်းလျှောက်ဆန္ဒထုတ်ဖော်မှု တစ်ခုကို ၂၀၁၅ ခုနှစ်အစောပိုင်းတွင် ကျင်းပစီစဉ်ခဲ့သည်။ လမ်းလျှောက် ဆန္ဒထုတ်ဖော်သူများသည် မတ်လတွင် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ရန်ကုန်မြို့သို့ ချဉ်းကပ်လာရာ ရဲများ၏ နံပါတ်တုတ်များဖြင့် ရိုက်နှက် ဖိတ်ပင်တားဆီးမှုကို ခံခဲ့ရသည်။

မဖြိုးဖြိုးအောင် အပါအဝင် ကျောင်းသားပေါင်း (၁၀၀) ကျော်ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရပြီး အချို့မှာ ဒဏ်ရာရရှိခဲ့ကာ၊ အငြင်းပွားဖွယ် ပြစ်မှုဆိုင်ရာ ပုဒ်မများတပ်၍ တရားစွဲဆိုခံခဲ့ကြရသည်။ ကျောင်းသား အများအပြားသည် ထိုအချိန်မှစ၍ ယခုတိုင် ဖမ်းဆီးထိန်းသိမ်း ခံထားရဆဲဖြစ်သည်။

**မဖြိုးဖြိုးအောင်ကို လွှတ်ပေးချိန်တန်ပြီ။**

နိုင်ငံတကာ၏ထောက်ခံမှုကို အငမ်းမရလိုချင်နေသော သမ္မတဦးသိန်းစိန်သည် မိမိအခွင့်အရေးကို ငြိမ်းချမ်းသော နည်းလမ်းဖြင့်အသုံးချသူ မည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထိန်းသိမ်းခံထားရခြင်း မရှိဟု ကျွန်ုပ်တို့ကို ယုံကြည်စေချင်နေသည်။ (အခြေအနေမှန်ကို) ကျွန်ုပ်တို့ပိုသိပါသည်။

နိုဝင်ဘာလ (၈) ရက် ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မြန်မာနိုင်ငံသည် ရက်စက်သောအတိတ်အား စွန့်လွှတ် လိုက်ပြီးခြင်းရှိမရှိ ကမ္ဘာက အနီးကပ်စောင့်ကြည့်နေလျက်ရှိရာ အစိုးရအပေါ် ဝေဖန်သည့် မိမိထင်မြင်ချက်များ ဖော်ထုတ်ကြသော ကျောင်းသားများနှင့် အခြားပြည်သူများအပေါ် (အစိုးရ၏) ပြုမူဆက်ဆံပုံများက အဆုံးအဖြတ် ပေးသွားမည်ဖြစ်သည်။

မြန်မာ
အတုအယောင်များဖြင့်
လှည့်စားထားသောနေရာ

AMNESTY INTERNATIONAL

သို့
**နိုင်ငံတော်သမ္မတ**

မြန်မာနိုင်ငံရှိ ငြိမ်းချမ်းသောတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများအား ဆက်လက်ဖမ်းဆီး ထောင်ချနေမှုအပေါ် ကျွန်ုပ်အနေဖြင့် အလွန်အမင်း စိုးရိမ်မိသောကြောင့် သမ္မတထံ စာရေးလိုက်ရပါသည်။

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် ယုံကြည်ချက်အကျဉ်းသားများ မရှိစေရဟု ၂၀၁၃ ခုနှစ်တွင် သမ္မတအနေဖြင့် ကတိပြုခဲ့ပါသည်။ သို့သော် ယနေ့အချိန်တွင် ယုံကြည်ချက်အကျဉ်းသားများစွာ သံတိုင်များနောက်တွင် ထောင်သွင်းအကျဉ်းချ ခံနေရပြီး၊ အခြားပြည်သူ ရာပေါင်းများစွာမှာလည်း မိမိအခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးယုံမျှဖြင့် တရားစွဲဆိုခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည်။

လက်ရှိအချိန်သည် သမ္မတ၏ကတိကို အကောင်အထည် ဖော်ရမည့်အချိန်၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ်တွင် အမှန်တကယ်ရှိနေကြောင်း ကမ္ဘာကိုပြသရမည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် ယုံကြည်ချက် အကျဉ်းသားများအားလုံး ချွင်းချက်မရှိ၊ ချက်ချင်းလွှတ်ပေးရန်နှင့် မိမိ၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံ သက်သက်ကြောင့် ထောင်ဒဏ် ရင်ဆိုင်နေရသူများအပေါ် စွဲချက်တင်ထားသည့် အမှုများအားလုံး ပြန်လည်ရုပ်သိမ်းပေးရန် သမ္မတကို ကျွန်ုပ်အနေဖြင့် လေးစားစွာတောင်းဆိုပါသည်။

လေးစားစွာဖြင့်

**အမည်** ....................................................................................

**နိုင်ငံ** ......................................................................................

**အီးမေးလ်** .............................................................................

အညွှန်း ASA 16/2581/2015 Burmese

**သမ္မတဦးသိန်းစိန်**
**နိုင်ငံတော်သမ္မတရုံး**
**နေပြည်တော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

မြန်မာ
အတုအယောင်များဖြင့်
လှည့်စားထားသောနေရာ

AMNESTY INTERNATIONAL

မဖြိုးဖြိုးအောင်အား ၂၀၁၅ ခုနှစ်၊ မေလ တရားရုံးကြားနာမှုတွင်တွေ့ရစဉ် ©Private